Revised Draft
For Discussion Only

မဟာမဲခေါင်ဒေသခွဲ

# ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့

# တောင်မြောက်စီးပွားရေးစင်္ကြံလမ်းမအတွက် မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်

ဖေဖော်ဝါရီ ၂၀၁၉

# အနှစ်ချုပ်

**နိဒါန်း**

မဟာမဲခေါင်ဒေသအလယ်ပိုင်းနှင့် မြောက်ဖျားပိုင်းဒေသရှိ အဓိက စီးပွားရေး အချက်အချာ ကျသည့် နေရာများကို ဆက်သွယ်ပေးသော တောင်မြောက် စီးပွားရေး စင်္ကြံလမ်းမဖွံ့ဖြိုးတိုးတက်မှု (NSEC) ကို ရှစ်ကြိမ်မြောက်ကျင်းပသည့် မဟာမဲခေါင် ဒေသခံနိုင်ငံများ ဝန်ကြီးအဆင့်အစည်းအဝေးတွင် အဆိုပါ ဝန်ကြီးများက စီးပွားရေးစင်္ကြံ လမ်းမများ အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် အဓိက ဦးစားပေးရမည့် စီမံကိန်း သုံးခုထဲတွင် တစ်ခုအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ခဲ့သည်။ နောက်ဆက်တွဲ အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်တွင် ၂၀၀၂ ခုနှစ်ခုက ပထမဆုံးကျင်းပခဲ့သည့် မဟာမဲခေါင် ဒေသခွဲနိုင်ငံများထိပ်သီးအစည်းအဝေးအတွင်း အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များက အတည်ပြု သဘောတူ ထားသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ၁၀ နှစ်အတွင်းအကောင်အထည်ဖော်မည့် မဟာဗျူဟာလုပ်ငန်းမူဘောင် အတွင်းရှိသည့် စီမံကိန်းများထဲမှ တစ်ခုအဖြစ် တောင်မြောက်စီးပွားရေးစင်္ကြံ လမ်းမဖွံ့ဖြိုးတိုးတက်မှု (NSEC)ကို ထည့်သွင်းသတ်မှတ်ခဲ့သည်။

တောင်မြောက်စီးပွားရေးစင်္ကြံလမ်းမဖွံ့ဖြိုးတိုးတက်မှု (NSEC) အတွက် မဟာဗျူဟာ နှင့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကို လုပ်ဆောင်မှုသည်

(၁) စီးပွားရေးစင်္ကြံလမ်းမများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံအဘက်ဘက်မှနေ၍ ကြိုးပမ်းဆောင်ရွက်မှုများကို လုပ်ဆောင်ရန် ရည်ရွယ်သည်။

(၂) တောင်မြောက် စီးပွားရေး စင်္ကြံလမ်းမ NSEC ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထိထိရောက်ရောက် ရေရှည်စဉ် ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရန်၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေရန် နှင့် အဓိကကျသည့် အချက်များကို ဦးစားပေးဆောင်ရွက်ရန် ရည်မှန်းသည်။

(၃) ဘဏ္ဍာရေးဆိုင်ရာ နှင့် နည်းပညာပိုင်းဆိုင်ရာ အရင်းအမြစ်များကို ဘက်ပေါင်းစုံမှ ရနိုင်သမျှ စုစည်းပြီး အထူးသဖြင့် NSEC ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးသဖြင့် ဒေသအဆင့်မှနေ၍ လုပ်ငန်းတွင် ပါဝင်ပတ်သက်သူအားလုံး၏ ကူညီထောက်ပံ့မှုများကို ကျယ်ကျယ် ပြန့်ပြန့်ရရှိလုပ်ဆောင်သွားရန် ရည်ရွယ်ထားသည်။

NSEC တွင် အဓိကအားဖြင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ တောင်မြောက်သွယ်တန်း သည့် လမ်းကြောင်းသုံးခု (အဆိုပါ လမ်းကြောင်းသုံးခုကို ဖော်ပြပါ GMS မြေပုံတွင် ကြည့်ပါ) ပါဝင်ပြီး အဆိုပါလမ်းကြောင်းများသည် မြောက်ပိုင်းနှင့် ဒေသခွဲအလယ်ပိုင်းရှိ လူဦးရေ ထူထပ်ပြီး စီးပွားရေး အချက်အခြာကျသည့် ဒေသများကို ချိတ်ဆက်သွယ်တန်းလျှက်ရှိသည်။ အမည်အားဖြင့်ဖော်ပြရလျှင်

(၁) လာအို (သို့မဟုတ်) မြန်မာလမ်းကြောင်းကိုဖြတ်သည့် ကူမင်း-ချင်းမိုင်-ဘန်ကောက်လမ်း (အနောက်ပိုင်းဒေသ စင်္ကြံခွဲလမ်းမဟုလည်း ခေါ်သည်။)

(၂) ကူမင်း-ဟန္နိုင်း-ဟိုင်ဖွန်းလမ်း (အလယ်ပိုင်းဒေသစင်္ကြံခွဲလမ်းမဟုလည်း ခေါ်သည်။)နှင့်

(၃) ယူယီနယ်စပ်ဖြတ်လမ်း (သို့မဟုတ်) ဖန်ချင်း-ဒေါင်စင်း-မဲခေါင်လမ်းမှတဆင့် နန်းနင်း-ဟန္နိုင်းလမ်း (အရှေ့ဖျားဒေသစင်္ကြံခွဲလမ်းမဟုလည်း ခေါ်သည်။) တို့ဖြစ်သည်။

**အလားအလာနှင့် အခွင့်အလမ်းများ -** NSEC သည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်းမှာ သဘာဝအတိုင်း တည်ရှိနေသည့် စီးပွားရေး စင်္ကြန်လမ်းမဖြစ်သည်။ ဆိုလိုသည်မှာ ဒေသခွဲနိုင်ငံများအတွင်းတွင် လူနေမှု အဆောက် အအုံနှင့် သွားလာရေးပုံစံအမျိုးမျိုး ကွန်ယက်ဆက်သွယ်မှုသည် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများကို နေသားတကျ ရှိစေသည့် အတွက်ကြောင့်ဖြစ်သည်။ ၎င်းသည် အဓိက အချက်အချာကျသည့် နေရာတွင်တည်ရှိပြီး စက်မှုထွန်းကားပြီး စီးပွားရေးအရ ဒေသတွင်းရှိ အခြားနိုင်ငံများနှင့် ယှဉ်လျှင် ပိုမိုဖွံ့ဖြိုး တိုးတက်လာသည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ဆက်သွယ်ပေးထားသည်။ NSEC သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန်ပြည်နယ်နှင့် ထိုင်းနိုင်ငံကို ကုန်သွယ်မှုအတွက် အဓိကကုန်တွင်းလမ်းမအဖြစ်လည်း ဆက်သွယ်ဆောင်ရွက်ပေးပြီး ကုန်တွင်းပိုင်းဖြင့် ပိတ်ဆို့နေသည့် ယူနန် ပြည်နယ်အား ပင်လယ်ရေကြောင်းဖြင့် ဆက်သွယ်နိုင်ရန် လမ်းဖွင့်ပေးထားသည့် အရေးပါသော လမ်းကြောင်း တစ်ကြောင်းလည်း ဖြစ်သည်။ တရုတ်ပြည် တောင်ပိုင်းနှင့် ဗီယက်နမ်မြောက်ပိုင်းဒေသအတွက် တိုက်ရိုက်ကုန်သွယ်မှု လမ်းကြောင်းလည်း ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း ASEAN နိုင်ငံများ၏ နယ်စပ်နှစ်ခုနှင့် ထိစပ်နေသည့်အတွက် NSEC သည် တရုတ်နှင့် အာဆီယံအကြား လွတ်လပ်သောကုန်သွယ်မှုနယ်မြေ (FTA) အကောင်အထည်ဖော်မှုကြောင့် လျှင်မြန်စွာအရှိန်အဟုန်မြင့်ကြီးထွား လာမည့် တရုတ်-အာဆီယံ ကုန်သွယ်မှု အတွက် တံခါးပေါက်ပင်ဖြစ်သည်။ NSEC ၏ ချိတ်ဆက်မှုသည် မြောက်ပိုင်းရှိ ယူနန်ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကွမ်ရှီးဒေသအပြင် အခြားသောတရုတ်ပြည်နယ်များကို တောင်ဘက်ပိုင်းရှိ ထိုင်းနိုင်ငံကိုကျော်လွန်ပြီး မလေးရှား၊ စင်္ကာပူနှင့် အခြား အာဆီယံနိုင်ငံများကို ဆက်သွယ်ပေးနိုင်သည်။ NSEC သည် ထိုင်းနိုင်ငံ တက်ခ် ပြည်နယ်နှင့် ဖစ်ဆန်နုလော့ပြည်နယ်အတွင်းရှိ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ၏ အရှေ့-အနောက်စီးပွားရေးစင်္ကြန်လမ်းမ (EWEC) ကို ပိုင်းဖြတ်ထားပြီး ကပ္ပလီပင်လယ်နှင့် တောင်တရုတ်ပင်လယ် တို့ကို ဆက်သွယ်နိုင်သဖြင့် စင်္ကြန်လမ်းမများ ဖွံ့ဖြိုး တိုးတက်မှုအတွက် အပြန်အလှန် အရှိန်အဟုန်မြင့်တက်စေမည်ဖြစ်သည်။

NSEC ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည့် တွန်းအားပေးမှုသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ အကြားရှိ ဖြည့်စွက်ချက်များမှ ထွက်ပေါ် လာသည်။ သို့သော်လည်း အဆိုပါစင်္ကြန်တလျှောက်တွင် NSEC အတွင်း နိုင်ငံရ အားသာချက်များနှင့် ဖြည့်စွက်ချက်များကို ရနိုင်သမျှအနေအထားထဲ ကနေ အကောင်း ဆုံးဖြစ်စေရန် အရေး ကြီးသော အစိတ်အပိုင်းများကို ပံ့ပိုးပေးနိုင်မည့် သဘာဝ တောတောင်ရေမြေအခြေအနေ ပထဝီဝင် အနေအထား၊ သဘာဝ သယံဇာတအရင်းအမြစ်၊ ကုန်ထုတ်လုပ်မှုပုံစံ၊ ဝင်ငွေရရှိမှု အဆင့်ဆင့်နှင့် အခြားသောအကြောင်းတရားအမျိုးမျိုးမှာ မတူညီပဲအမျိုးမျိုးကွဲပြား လျက်ရှိနေသည်။ ဥပမာအားဖြင့် NSEC ၏အမျိုးသားရေးဆိုင်ရာ ကိစ္စရပ်များထဲမှာ ဒေသ၏ စီးပွားရေး ချိတ်ဆက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်မည့်ဖြစ်သော ရင်းနှီးမြှပ်နှံမှုနှင့် နည်းပညာရရှိမှု၊ နယ်မြေ ရရှိမှု အနေအထား၊ ကျွမ်းကျင်လုပ်သားအလုံအလောက်ရရှိမှုနှင့် ကျွမ်းကျင်သည့်စီမံခန့်ခွဲမှု အနေဖြင့် ပြောရလျှင် ကွဲပြားခြားနားမှုများ များစွာရှိနေသည်။

နိုင်ငံရအချက်များနှင့် ဖြည့်စွက်ချက်များကို ထည့်သွင်းစဉ်းစားရာတွင် NSEC အတွင်း ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများကို ကမ်းလှမ်းလာသည့် ကဏ္ဍများနှင့် ကဏ္ဍခွဲများမှာ
(၁) စားသောက်ကုန်ပြုပြင်ထုတ်လုပ်မှုနှင့် ကန်ထရိုက်စနစ် လယ်ယာလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံသည့်လုပ်ငန်းကဏ္ဍ
(၂) သတ္တုနှင့်သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုပါဝင်သည့် သယံဇာတအရင်းအမြစ်ကို အခြေခံသည့် စက်မှုလုပ်ငန်းများ

(၃) အထည်ချုပ်၊ ဖိနပ်ချုပ်၊ စက္ကူ၊ လူသုံးကုန်ပစ္စည်းကဲ့သို့ ကုန်ထုတ်လုပ်မှု စက်မှုလုပ်ငန်းများ
(၄) ဘိလပ်မြေ၊ သံနှင့် သံမဏိအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်မှုလုပ်ငန်းများ
(၅) လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများ
(၆) မော်တော်ကားအစိတ်အပိုင်း အပိုပစ္စည်းများ၊ အီလက်ထရွန်းနစ်နှင့် အီလက်ထရွန်းနစ် အပိုပစ္စည်းအစိတ်အပိုင်းများကဲသို့ နည်းပညာအခြေပြုသည့် စက်မှုလုပ်ငန်းများ
(၇) ခရီးသွားလုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းဆက်နွယ်သည့် အိမ်တွင်းစက်မှုလုပ်ငန်းကဲ့သို့ ဝန်ဆောင်မှုအခြေပြုသည့် လုပ်ငန်းများ ဖြစ်ကြပါသည်။ အဆိုပါ ကဏ္ဍများနှင့် ကဏ္ဍခွဲများမှာ NSEC လမ်းကြောင်းများ အားလုံးနှင့် သက်ဆိုင်နေသော်လည်း ဤလမ်းကြောင်း များထဲရှိ ကွဲပြားခြားနားမှုများကြောင့် အထူးပြုလုပ်ဆောင်ရမည့် အခန်းကဏ္ဍပိုများလာပါသည်။ ဥပမာအားဖြင့် အနောက်ပိုင်းဒေသစင်္ကြန်ခွဲသည် ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အား၊ သယ်ယူပို့ဆောင်ရေးနှင့် နည်းပညာဦးစာပေးသည့်စက်မှုလုပ်ငန်းများအတွက် အဓိက အားသာ ချက်ရှိပြီး အလယ်ပိုင်းဒေသစင်္ကြန်ခွဲသည် စိုက်ပျိုးရေး၊ စက်မှုလယ်ယာလုပ်ငန်းနှင့် လုပ်သား အများဆုံး အသုံးပြုသည့် စက်မှုလုပ်ငန်းများကို အဓိက အလေးထား သကဲ့သို့ အရှေ့ပိုင်းဒေသစင်္ကြန်ခွဲသည် စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလယ်ယာ လုပ်ငန်း၊ သတ္တုတူးဖော်ရေး လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခွင့်အလမ်း ကောင်းများရှိသည်။

**အတားအဆီးများနှင့်အကန့်အသတ်များ -** NSEC ကို အပြည့်အဝစွမ်းဆောင်မှုရှိရန် အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် စင်္ကြန်လမ်းမတလျောက်ရှိ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို တပေါင်းတစည်းတည်းဖြစ်စေရန် နှင့် ပြိုင်ဆိုင်နိုင်မှု တိုးတက်စေရန်အတွက် အတားအဆီးများနှင့် အကန့်အသတ်များကို ကျော်လွှားသွားရန်လိုအပ်သည်။ အချို့ NSEC အစိတ်အပိုင်းများတွင် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများနှင့် လုပ်ငန်းချောမွေ့စေသည့်အရာများ ဆက်သွယ်မှုမရှိခြင်း၊ ကုန်သွယ်မှု ဖွံ့ဖြိုး တိုးတက်ရေးကို အတားအဆီးဖြစ်စေသည့် သယ်ယူထောက်ပံ့မှုဆိုင်ရာ လမ်းကြောင်းများ မရှိခြင်းနှင့် သယ်ယူ ပို့ဆောင်စရိတ်ကြီးမားခြင်း၊ ကုန်စည်နှင့်မော်တော်ယာဥ်များ နယ်စပ်ဖြတ်ကျော် နိုင်ရေး အတွက် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများမရှိခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင်မှုနိမ့်ကျခြင်း၊ ဗဟိုနှင့်ဒေသနိုင်ငံအလိုက်အဆင့်ရှိ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပါဝင် ပတ်သက်နေသည့် အဖွဲ့အစည်းများကြားတွင် အချင်းချင်းညှိနှိုင်း ပူးပေါင်း ဆောင်ရွက်မှု အားနည်းခြင်းတို့သည် ရင်ဆိုင်နေရသည့် အဓိကတားဆီးနေသည့် အဟန့်အတား များပင်ဖြစ်သည်။ NSEC လုပ်ငန်းအစီအစဉ်များနှင့် စီမံချက် များဆိုင်ရာ သတင်းအချက် အလက်များမရှိခြင်းက အဆိုပါအဟန့်အတားများနှင့် အကန့်အသတ်များကို ပို၍ပင် ဆိုးဝါးစေသည်။

**ခြိမ်းခြောက်မှုနှင့် အန္တရာယ်များ -** NSEC ၏ဖွံ့ဖြိုးတိုးတက်မှုများသည် ဒေသခံပြည်သူများအား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြင့်မားရေး၊ ဝင်ငွေမြင့်မားသည့်အခွင့်အလမ်းများပေါ်ထွန်းရေး၊ ဆင်းရဲမွဲတေမှုလျော့ချရေးနှင့် လူမှုဘဝအဆင့်အတန်းကောင်းမွန်ရေးတို့အတွက် အကျိုးဖြစ်ထွန်းစေသော်လည်း အဆိုပါစင်္ကြန် တစ်လျှောက်နှင့် အနီးနားဒေသများတွင်နေထိုင်သူများနှင့် NSEC အတွက် မလိုလားဖွယ်ရာ နောက်ဆက်တွဲများဖြစ်စေမည့် ခြိမ်းခြောက်မှုများနှင့် အန္တရာယ်များရှိနေသည်။ ၄င်းတို့ မှာ ဒေသခံနှင့် မျိုးနွယ်စုများ ရွှေ့ပြောင်းခံရခြင်း၊ ကူးစက်ရောဂါပျံ့နှံ့ခြင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်များ လူကုန်ကူးခံရခြင်း၊ တရားမဝင်ကုန်သွယ်ခြင်း၊ မြေဈေးနှုန်းများ မြင့်တက်ခြင်း၊ မတော်တဆဖြစ်ရပ်များကြုံတွေ့ရခြင်း စသည့်

လူမှုရေးဆိုင်ရာပြဿနာရပ်များဖြစ်ပြီး ပတ်ဝန်း ကျင်ဆိုင်ရာပြဿနာရပ်များဖြစ်သည့် သစ်တောပြုန်းတီးမှု၊ ဇီဝမျိုးကွဲများပျက်သုဉ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများလည်းဖြစ်လာနိုင်သည်။ NSEC ဖွံ့ဖြိုးတိုးတက်မှုအတွက် ချမှတ်ထား သည့်ဗဟာဗျူဟာများသည် အဆိုပါပြဿနာရပ်များကို ဖြေရှင်းရန်အတွက်ကြိုတင်ပြင်ဆင်ထား သည့် ရပ်တည်မှုများကို ဦးစားပေးချမှတ် သွားရန်လိုအပ်သည်။

**မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် မဟာဗျူဟာအရဦးစားပေးလုပ်ဆောင်မှုများ** - NSEC ၏ရေရှည်မျှော်မှန်းချက်မှာ အရှိန်အဟုန်ဖြင့်တိုးတက်သည့် တသမတ်တည်းအသားကျ သော စီးပွားရေးစကြ်ံနလမ်းမပေါ် ပေါက်လာရေးဖြစ်ပြီး ယင်းစီးပွားရေးစကြ်ံနသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ တောင်မြောက်သွယ်တန်းသည့်ဝင်ရိုးတန်းတစ်လျှောက်တွင် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် မောင်းနှင်ပေးသည့် မီးရထားစက်ခေါင်းကြီးသဖွယ်ဖြစ်သည်။ အာဆီယံနှင့်တရုတ် ကုန်သွယ် မှု လမ်းကြောင်းအတွက် တံခါးပေါက်သဖွယ်လည်းဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲနိုင်ငံများ အတွင်း အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေတိုးပွားမှုနှင့် ဆင်းရဲမွဲတေမှုပြဿနာလျော့ချမှုတို့ကို အထောက်အကူပြုစေမည် လည်းဖြစ်သည်။ NSEC ၏ဖွံ့ဖြိုးတိုးတက်မှုများသည် ဘေးအန္တရာယ်ကျရောက်ခံရသူများ အကျိုးစီးပွားကို လုံလုံ လောက်လောက် အပြည့်အဝ အကာအကွယ်ပေးနိုင်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ် များကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မှုတို့ကို ဟန်ချက်ညီပြီး စဉ်ဆက်မပြတ်ရေရှည် တည်တံ့ ခိုင်မာစေရန်မျှော်မှန်းထားသည်။ NSEC ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ဆုံးရည်မှန်းချက်မှာ စကြ်ံနလမ်းမနှင့် ပတ်ဝန်းကျင်ဒေသတလျှောက်တွင် ဝင်ငွေမညီမျှမှု လျော့ချရေး၊ အလုပ်အကိုင် ရရှိမှုအခွင့်အလမ်းတိုးတက်ရေး၊ ဝင်ငွေပိုမိုရရှိစေရေးနှင့် လူနေမှုအဆင့်အတန်းတိုးတက် ကောင်းမွန်ရေးတို့ဖြစ်ထွန်း စေရန်ဖြစ်သည်။ NSEC ၏မဟာဗျူဟာကျသည့် အဓိကဦးစားပေး လုပ်ငန်းများမှာ

(၁) NSEC ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်း နိုင်ရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် အကျိုးသက်ရောက်အောင် ဆောင်ရွက်ရန်

(၂) စကြ်ံနဒေသအတွင်း စီးပွားရေးဆိုင်ရာဆောင်ရွက်မှုများ ပေါင်းစည်းနိုင်ရေးအတွက် လိုအပ်သည့် စီးပွားရေး ဖြစ်ထွန်းစေ။နိုင်သည့် အခြေအမြစ်များကို ခိုင်မာစေရန်။

(၃) နယ်ခြားဖြတ်ကျော်ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်မှုတို့ကို ဆောင်ရွက်နိုင်ရန်

(၄) စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ပေးရန်

(၅) ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများတွင် လူ့စွမ်းအားအရင်းအမြစ်များ အကန့်အသတ်ရှိမှုကို ဖြေရှင်းပေးရန်

(၆) အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန်နှင့် NSEC ကြိုးပမ်း ဆောင်ရွက်မှုများအကောင်အထည်ဖော် ညှိနှိုင်းဆောင်ရွက်မှုအတွက် ဖွဲ့စည်းပုံယန္တရားများ ပြဋ္ဌာန်းရန်နှင့် တိုးတက်ကောင်းမွန်စေရန်တို့ဖြစ်သည်။

**လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်** - NSEC ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် အဓိကမဟာဗျူဟာ ကျသည့် ဦးစားပေးလုပ်ဆောင်မှုများသည် NSEC လုပ်ငန်းစဉ်များနှင့် စီမံချက်များအကောင်အထည် ဖော်ဆောင်ရွက်ရန်၊ ညှိနှိုင်းဆောင်ရွက်မှုကိုပိုမိုတိုးတက်ကောင်းမွန် လာစေရန်နှင့် အထူးအလေးထားဆောင်ရွက်ရန် လိုအပ်နေသော ဒေသများကို ဖော်ထုတ်သတ်မှတ်ရန်နှင့် လုပ်ငန်းများ ဆောင် ရွက်သွားရန် လမ်းညွှန်ပေးနိုင်မည့် အချိန်ကန့်သတ် စောင့်ကြည့်မည့် လုပ်ငန်းအစီအစဉ်အဖြစ် ပြောင်းလဲသွားသည်။ NSEC ၏လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တွင် မဟာဗျူဟာအရ

ဦးစားပေးလုပ်ဆောင်ရမည့် ကိစ္စရပ်တစ်ရပ်ချင်းစီ၊ စီမံချက်နှင့် လုပ်ငန်း စဉ်များကို ဆောင်ရွက်မှု၊ မျှော်မှန်းထားသည့် ရလဒ်များ၊ တိုးတက်မှုဆိုင်ရာ အညွှန်းကိန်းများ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းဆောင်ရွက်ရန် အချိန်သတ်မှတ်မှုနှင့် လုပ်ငန်းကိုအကောင်အထည် ဖော်တာဝန်ယူမည့် အဖွဲ့အစည်းများကို ဖော်ပြထားသည်။ အဆိုပါ NSEC ၏လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တွင် အကောင်အထည်ဖော်လုပ်ဆောင်နေသည့် ဆောင်ရွက်မှုများကို ၂၀၁၈-၂၀၂၂ တွင် စတင်ဆောင်ရွက်ရန် မျှော်မှန်းထားမှုများကို ဖော်ပြထားသည့်အပြင် အောက်ဖော်ပြပါ ကဏ္ဍများနှင့် ပူးပေါင်းဆောင် ရွက်ရမည့်နယ်ပယ်များ ဖြစ်သည့် ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေး ကဏ္ဍ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ထောက်ပံ့ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးရေး၊ နယ်စပ်ဖြတ်ကျော်သည့် စီးပွားရေး စက်မှုဇုန်များ၊ ကူးစက်ရောဂါ ပျံ့ပွားမှု ထိန်းချုပ်ရေး၊ ဖွဲ့စည်းပုံ စည်းမျဉ်းများခိုင်မာရေး၊ ကျွမ်းကျင်မှု မြှင့်တင်ပေးရေးနှင့် ပုဂ္ဂလိက-အစိုးရကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးစသည် တို့ကိုလည်းဖော်ပြ ထားသည်။

**အဖွဲ့အစည်းအလိုက်လုပ်ငန်းဆိုင်ရာ အခြေခံမူဘောင်** - NSEC မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အများလက်ခံသည့်ဖွဲ့စည်းပုံအစီစဉ်များတွင် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများအဖွဲ့ အစည်းအတွင်း ချမှတ်ထားသည့် တည်ဆဲဖွဲ့စည်းပုံစည်းမျဉ်းများ၊ လက်ရှိဖွဲ့စည်းပုံအစီအစဉ်များနှင့် ကိုက်ညီသည့် လုပ်ထုံးလုပ်နည်းများ ပါဝင်ထည့်သွင်းထားသည်။ အဆိုပါစီမံ အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းစနစ်သစ် များတွင် စီးပွားရေးစင်္ကြန်လမ်းမများဆွေးနွေးပွဲ၊ အဆိုပါဆွေးနွေးပွဲအတွင်း ကျင်းပမည့် ပင်မဆွေးနွေးပွဲကြီးနှင့် စီးပွားရေးစင်္ကြန်လမ်းမဖွံ့ဖြိုး တိုးတက်မှုကို အထောက်အပံ့ပေးနိုင်ရန်မည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ စီးပွားရေး ဆွေးနွေးပွဲတွင် ချမှတ်ထားသည်များလည်း ပါဝင်မည်ဖြစ်သည်။

**ငွေကြေးထောက်ပံ့မှုအစီအစဉ်** -NSEC မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များ အကောင်အထည် ဖော်ဆောင်ရွက် မှုအတွက် ပုဂ္ဂလိကကဏ္ဍက ဆောင်ရွက်မည့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်း စီမံချက်များအတွက် လိုအပ်မည့် ငွေကြေးပမာဏမပါပဲ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလျံနှုန်းဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ငါးဘီလျံ အကြမ်းအားဖြင့် လိုအပ်သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ထိ မဟာမဲခေါင်ဒေသနိုင်ငံများ၏ ဦးစားပေးစီမံချက် များအတွက် အမေရိကန်ဒေါ်လာ ၆.၉ ဘီလျံ ငွေကြေးထောက်ပံ့ပြီးဖြစ်သည်။ အဆိုပါငွေကြေးထဲမှ အမေရိကန်ဒေါ်လာ ၂.၈ ဘီလျံခန့်မှာ NSEC စီမံချက်များအတွက်သုံးစွဲခဲ့သည့် ကုန်ကျစရိတ်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၁ မှ ၂၀၁၇ ခြောက်နှစ်-ခုနှစ်တာကာလအတွင်း NSEC ကြိုးပမ်းဆောင်ရွက်မှုများအတွက် တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၀၀,၀၀၀ (လေးသိန်း) မှ ၅၀၀,၀၀၀ (ငါးသိန်း)ကြား ထိသုံးစွဲပြီး ဖြစ်သည်။ အဆိုပါကိန်းဂဏန်းများကို ကြည့်ခြင်း အားဖြင့် လာမည့်နောက်ငါးနှစ်တွင် NSEC ဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ပုံငွေတိုးမြှင့်ရှာဖွေမှုကို နှစ်ဆတိုးကြိုးပမ်း ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်သည်။

**စောင့်ကြည့်အကဲဖြတ်ခြင်း** - မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ ကဏ္ဍအလိုက်ဆွေးနွေးပွဲများနှင့် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့များအား NSEC, EWEC, SEC ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာများနှင့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များ အကောင်အထည်ဖော်လုပ်ဆောင်နေမှုကို စောင့်ကြည့်ရန် တာဝန်ပေးအပ်ရမည်။ NSEC မဟာဗျူဟာနှင့် လုပ်ငန်း ဆောင်ရွက်မှုအစီအစဉ်များ

အကောင်အထည်ဖော်ဆောင်ရွက်မှုကို အခါအားလျော်စွာ သုံးသပ်ပြီး သင့်တော်သလို လိုအပ်သလို ကိုက်ညှိပေးရမည်။ မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များကို စောင့်ကြည့်အကဲဖြတ်ရာတွင် လူဘယ်နှစ်ယောက်လေ့ကျင့်ပျိုးထောင်နိုင်ခဲ့သလဲ၊ လမ်းအရှည် ကီလိုမီတာဘယ်ထောက်ထိ တိုးတက်ကောင်းမွန် လာသလဲစသည့် ရလဒ်များ၏ တိုးတက်မှုကို စောင့်ကြည့်ရုံသာမက ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု စသည့် မျှော်မှန်းထားသည့် အကျိုးရလဒ်များရရှိ တိုးတက်မှုများကိုလည်း စောင့်ကြည့်သုံးသပ် သွားမည် ဖြစ်သည်။ အညွှန်းကိန်းပထမအတွဲတွင် အစီရင်ခံဖော်ပြရာ၌ အတော်အတန်ရှင်းရှင်းလင်းလင်း ဖြစ်သော်လည်း ဒုတိယပိုင်းတွင် အချိန်မမှီမှု၊ ရှေ့နောက်မညီမှု၊ ဒေသခွဲနေရာများအတွက် ဘက်စုံစာရင်းဇယားများ မရရှိမှုစသည့် ပြဿနာများကြောင့် စာရင်းအချက်အလက် ရရှိရန် အလွန်ခက်ခဲသည်။ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တွင် ပူးပေါင်း ဆောင်ရွက်မှုအတွက် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များ စုဆောင်းရရှိရန် စနစ်တစ်ရပ်ကို အကောင်အထည် ဖော်ရေးဆွဲရာတွင် လုပ်ငန်းအဆိုပြုလွှာတစ်ရပ်ပါဝင်ရမည်။ ထို့အပြင် NSEC ကြိုးပမ်းဆောင်ရွက်မှု၏ အကျိုးသက်ရောက်မှုနှင့် တိုးတက်မှုကို စောင့်ကြည့်ရာတွင် NSEC နိုင်ငံများကို အကူအညီ ပေးမည့် အခြားအညွှန်းကိန်းများလည်း ပါဝင်သည်။

**အောင်မြင်မှုအတွက် အရေးကြီးသည့်အချက်များ -** အခြားနေရာများက တွေ့ကြုံရရှိခဲ့သော သင်ခန်းစားများအရ စီးပွားရေးစကြ်ာန်လမ်းမ ဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်အောင်လုပ်ဆောင်နိုင်ရန်အတွက် အချို့သော အကြောင်းအချက် များသည် အလွန်အရေးကြီးသည်။ အဆိုပါအချက်များသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း NSEC နှင့် အများဆုံးသက်ဆိုင်နေသည်။

- **အလွှာအဆင့်ဆင့်တွင် ခိုင်မာသည့် နိုင်ငံရေးဆိုင်ရာ ဂတိကဝတ်ရှိခြင်း။** - နိုင်ငံအလိုက် အမြင့်ဆုံးဂတိကဝတ်ပေးမှုသည် စီးပွားရေး စကြ်ာန်လမ်းမ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ပိုင်ခွင့်အာဏာနှင့် တွန်းအားပေးထားသလို အောက်ခြေအဆင့် မူဝါဒရေးရာနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတွင်လည်း အလားတူအလေးထားစောက်ချလုပ်ကိုင်နိုင်ရန် လိုအပ်သည်။
- **လုပ်ငန်းအား စိတ်ဝင်စား သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ခြင်း။** - ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းပံ့ပိုးပေးမှုသည် လုပ်ငန်းစဉ်များနှင့် စီမံချက်များကို ချောမွေ့စွာ အကောင်အထည်ဖော်နိုင်စေရုံသာမက လိုအပ်သည့် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို ချမှတ်ကျင့်သုံးရန် မြှင့်တင်ပေးနိုင်သည်။
- **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း။** - ဤအချက်သည် NSEC ဒေသတော်တော်များများအတွင်းရှိ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ နှစ်ရပ်လုံးတွင် ကျွမ်းကျင်မှုအဆင့်နိမ့်ကျနေသည့်အတွက် NSEC ဖွံ့ဖြိုးတိုးတက်မှု အတွက် မလုပ်မဖြစ် လုပ်ဆောင်ရမည့် အချက်ပင်ဖြစ်သည်။
- **အနီးကပ်စောင့်ကြည့်ခြင်းနှင့် ထိရောက်ပြီးအချိန်ကိုက်တုံ့ပြန်ခြင်း။** - NSEC ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ချက်များ တိုးတက်အောင်မြင်မှု အတွက် အခက်အခဲများကို ဖြေရှင်းနိုင်ရန် အခါအားလျော်စွာ မျက်ခြေမပြတ်ရှိရန် လိုအပ်ပြီး ပြောင်းလဲနေသည့် လိုအပ်ချက်များနှင့် ဦးစားပေးရမည့်အရာများကို အံ့ဝင်ဂွင်ကျဖြစ်စေရန် ကိုက်ညှိပေးရမည်။
- **လုံလုံလောက်လောက်ရေရှည်ပံ့ပိုးပေးနိုင်မည့် ငွေကြေးထောက်ပံ့မှုရှိခြင်း။** - သွားလာရေးအတွက်အသုံးပြုသည့် စကြ်ာန်၊ ထိုမှတဆင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် အသုံးပြုသည့် စကြ်ာန်၊ ယင်းမှတဆင့် နောက်ဆုံးတွင် စီးပွားရေး အတွက် အသုံးပြုနိုင်သည့် စကြ်ာန်အဖြစ်

ပြောင်းလဲဖော်ဆောင်နိုင်မှု အရှိန်အဟုန်ကို အချိန်တိုင်း ထိန်းသိမ်းသွားရန် လုံလောက်သည့် ငွေကြေးရှိရပါမည်။

- **ထိရောက်သည့် အဖွဲ့အစည်းသဘော စီမံအုပ်ချုပ်မှုလုပ်ငန်းစနစ်များနှင့် အစီအစဉ်များရှိခြင်း။** - အချိန်တိုင်း အချိန်တိုင်းအတွက် ညှိနှိုင်းပူးပေါင်းသည့် ကြိုးပမ်းဆောင်ရွက်မှုများနှင့် စဉ်ဆက်မပြတ်ရေရှည်ကြိုးပမ်းဆောင်ရွက်မှု များဖြစ်စေရန် ခိုင်မာသည့်ညွှန်ကြားချက်များ ပေးနိုင်ရန်လိုအပ်သည်။

## GMS တောင်မြောက် စီးပွားရေးစင်္ကြန်လမ်းမ

